ပထမ ပုဂ္ဂလိကဘဏ် လီမိတက်
FPB First Private Bank
NO. 619-621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP, YANGON, UNION OF MYANMAR.
TELEPHONE: 095-1-376 451 ~ 452 / 378 267 ~ 269. 095-1-251 748 ~ 749 / 246 786
FAX: 095-1-242 320/ 250 148
Website: www.firstprivatebank.com.mm
e-mail: hofirst.office@fpb.com.mm admindept.ho@fpb.com.mm

# (၁၁)ကြိမ်မြောက် အထူးအစည်းအဝေးနှင့် (၃၁)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်ကြားခြင်း

နေ့စွဲ၊ ၂၀၂၂ခုနှစ် နိုဝင်ဘာလ( ၁၅ )ရက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၁၁)ကြိမ်မြောက်အထူးအစည်းအဝေးနှင့် (၃၁)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်- ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်- နံနက်(၉:၀၀)နာရီ
ကျင်းပမည့်နေရာ- Online Meeting (video Conference)

(၁၁)ကြိမ်မြောက်အထူးအစည်းအဝေးနှင့် (၃၁)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို (Video Conference)ဗွီဒီယိုကွန်ဖရန့်ဖြင့် ကျင်းပရန် စီစဉ်ထားပါသည်။ ဘဏ်၏ သင်းဖွဲ့စည်းမျဉ်း အပိုဒ်(၅၉)အရ နှစ်ပတ်လည်အထွေထွေအစည်းအဝေး အထမြောက်အောင်မြင်စွာကျင်းပနိုင်ရန် ဗွီဒီယိုကွန်ဖရန့်(Video Conference)ဖြင့် တက်ရောက်သူအစုအရေအတွက်သည် အစုရှင်အားလုံး၏ (၃၀%) (Quorum) ပြည့်မီရန်လိုအပ်ပါသည်။

ကိုယ်တိုင်တက်ရောက်လိုသော အစုရှင်များအနေဖြင့် online register form ပုံစံကိုဖြည့်စွက်၍ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ Email address : hofirst.office@fpb.com.mm နှင့် fpbho.ygn@gmail.com သို့ (၂၂.၁၁.၂၀၂၂) မှ (၁၂.၁၂.၂၀၂၂)ရက်နေ့ အထိနောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။ online register form ပုံစံဖြင့် ပေးပို့လာသည့် အစုရှင်များကို ဘဏ်မှ စစ်ဆေးပြီး မှန်ကန်မှုရှိသည့် အစုရှယ်ယာရှင်များကို Meeting Link နှင့် Password များ ပြန်လည်ပေးပို့သွားပါမည်။

အစုရှင်ကိုယ်စားလှယ်လွှဲအပ်ထားပြီးသော အစုရှင်များအနေဖြင့် online register form ပုံစံ ထပ်မံဖြည့်စွက်၍ တက်ရောက်ခြင်းအား ခွင့်ပြုမည်မဟုတ်ပါ။ online register form ပုံစံများကို ပထမပုဂ္ဂလိကဘဏ် website www.firstprivatebank.com.mm" တွင် တင်ပြထားပြီး download ရယူဖြည့်စွက်၍ Email မှတဆင့် ပြန်လည်ပေးပို့နိုင်ပါသည်။ တက်ရောက်ခွင့်ရသူများအား Email မှတဆင့် Confirm Letter ပြန်လည်ပေးပို့မည်ဖြစ်ပါသည်။

သို့ပါ၍ အစုရှင်များမှကိုယ်တိုင်မတက်ရောက်နိုင်ပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)ပုဒ်မ(၁၅၄)နှင့် ညီညွတ်သူတစ်ဦးဦးကို မိမိကိုယ်စား ပါဝင်ဆွေးနွေးစေပြီး လိုအပ်သောဆုံးဖြတ်ချက်များချမှတ်နိုင်ရန်အတွက် ကိုယ်စားလှယ်(Proxy) လွှဲအပ်ရန်လိုအပ်ပါသည်။ **(ကိုယ်စားလှယ်(Proxy) လွှဲအပ်သည့်ပုံစံကို သိရှိလိုက်နာနိုင်ရန် ဘဏ်ခွဲမန်နေဂျာများထံတွင်လည်းကောင်း၊ ရန်ကုန်စတော့ပ်အိပ်ချိန်း website https://ysx-mm.com နှင့် ပထမပုဂ္ဂလိကဘဏ် website www.firstprivatebank.com.mm" တို့တွင်လည်းကောင်း တင်ပြထားမည်ဖြစ်ပါသည်။)**

နှစ်ပတ်လည်အထွေထွေအစည်းအဝေးထမြောက်အောင်မြင်ရန် အစုရှင်များမှ(Video Conference) ဗွီဒီယိုကွန်ဖရန့်ဖြင့် မတက်ရောက်နိုင်သော အစုရှယ်ယာရှင်များသည် ကိုယ်စားလှယ်(Proxy) မဖြစ်မနေ လွှဲအပ်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ညွှန်ကြားချက်အရ

အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## ကိုယ်စားမဲပေးရန်ခန့်အပ်လွှာ

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏အစုရှင် ကျွန်ုပ် ဦး/ဒေါ် ____________________သည် ကျွန်ုပ်ကိုယ်စား ဦး/ဒေါ် -------------------------- နိုင်ငံသားစိစစ်ရေးကဒ် ----------------------------------အား ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက် နှင့် အခြားရွှေ့ဆိုင်းသော မည်သည့်အစည်းအဝေးများတွင်မဆို တက်ရောက်ရန်နှင့် ဆန္ဒမဲပေးရန် ခန့်အပ်လိုက်ပါသည်။

**မှတ်ချက်** – **ကိုယ်စားလှယ်ခန့်အပ်ခံရသူသည်** မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ပုဒ်မ(၁၅၄)နှင့် ညီညွတ်သူ **ဖြစ်ရပါမည်။**(https://www.dica.gov.mm/sites/default/files/document-files/7-12-2017_website_update_0_0.pdf )

– ကိုယ်စားမဲပေးရန်ခန့်အပ်လွှာကို(၁၃-၁၂-၂၀၂၂)ရက်(အင်္ဂါနေ့)ထက်နောက်မကျဘဲ ပထမပုဂ္ဂလိကဘဏ် ရုံးချုပ် (သို့မဟုတ်) နီးစပ်ရာဘဏ်ခွဲများသို့ ပေးပို့ရပါမည်။

– အစည်းအဝေးအထမြောက်စေရန်အတွက် အစည်းအဝေးမတက်ရောက်နိုင်ပါက မပျက်မကွက် ကိုယ်စားလှယ်လွှဲပေးပါရန်။

လက်မှတ် ------------------------------------------------------------------

အမည် ---------------------------------------------------------------------

နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ------------------------------------------------

လိပ်စာ -------------------------------------------------------------------

Special Code (သို့) Security No. -------------------------------------------

ပိုင်ဆိုင်သည့်အစုအရေအတွက် (                )

နေ့စွဲ။ ၂၀၂၂ ခုနှစ်၊ လ၊ ရက်။

မှတ်ချက်။ ကိုယ်စားလှယ်လွှဲစာတရားဝင်စေရန်အတွက် အခွန်တံဆိပ်ခေါင်း ၅၀ိ/-(ငါးဆယ်ကျပ်) ကပ်ရပါမည်။